## "နတ်ရေကန် ဦးတင်မောင်ထွေး၏ ကိုယ်ရေးအကျဉ်း"

- မြိတ်ကျွန်းစုတွင် ဦးထွေးအောင်၊ ဒေါ်သက်ရှည်တို့မှ မွေးဖွားခဲ့။
- မြိတ်အထက်တန်းကျောင်းမှ (၈)တန်း။ ရန်ကုန်ဆရာဆော်လမွန်ပုဂ္ဂလိကကျောင်းမှ သချာဂုဏ်ထူးဖြင့် (၁၀)တန်းအောင်၊ ဆရာကြီး ဦးစံရွှေ - သက်ကြီးတက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ပြီး၊ ရန်ကုန်တက္ကသိုလ်မှ ၁၉၅၈-၅၉ တွင် ဝိဇ္ဇာ (ဘောဂဗေဒ)အောင်ခဲ့။
- ဥပဒေသင်တန်းတက်ရင်း ကျောင်းသားစတိုးဆိုင်ကိုဖွင့်၍ တက္ကသိုလ်အလေးမနှင့် ကာယဗလအသင်း၊ ဘောလုံးအသင်း၊ ဓာတ်ပုံအသင်း၊ အားကစားအသင်းများ၊ ဗုဒ္ဓဘာသာအသင်း စသည်တို့တွင် ပါဝင်လှုပ်ရှား။ မောင်တက္ကသိုလ်မောင်မောင်သန်း၊ မောင်ဖေဝင်း၊ ပရာကပ်ရဲ၊ မောင်လှအောင်တို့ကို ဆုချီးမြှင့်၊ တက္ကသိုလ်လူသိအများဆုံးဘွဲ့ရ။
- ၁၉၆၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း(၂၀)မျှ တက္ကသိုလ်မိတ်ကပ်နှင့် နတ်ရေကန်အလှကုန်များ အလွန်အောင်မြင်သဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ရန်ပုံငွေရရှိရေးအတွက် ရွှေစောင်းဆုပေးပွဲများအပြင် ဆေးရုံ (၁၈)ရုံ၊ လူမှုဝန်ထမ်း (၁၄)ဌာန၊ နိုင်ငံတော်၏ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး (ပုဂံဘုရား)များကို ဦးဆောင်ဦးရွက် လှူဒါန်းခဲ့သည့် တစ်ဦးတည်းသော အလှူရှင်ဖြစ်ခဲ့။
- လည်ပင်းတွင်ရှိသော ပါးကျိတ်အားနည်းရောဂါကြောင့် ပေလီကမ်းခြေသို့ သွားရောက်၍ ပင်လယ်လေရှူရင်း - ပေလီကမ်းခြေ သိဒ္ဓိလေးဖြာစေတီ၊ တံတား၊ ဘုရားလမ်း၊ ရေတွင်း၊ ရေကန်၊ ရေစင်၊ စာသင်ကျောင်း၊ ဆေးခန်း၊ မဟာဗောဓိညောင်ပင် စသည်တို့ကို လှူဒါန်းသည့် အကျိုးပြုလုပ်ငန်းများ လုပ်ခဲ့။
- ဘာသာ၊ သာသနာ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံ၊ ဝိဇ္ဇာ စသည့်ပညာရပ်များတွင် အထူးချွန်ဆုံးပုဂ္ဂိုလ် (၁၀၀)ကျော်ကို ရွေးချယ်၍ ရွှေစောင်းဆုများ ချီးမြှင့်ခဲ့။
- နှစ်ပေါင်း (၁၃၀)ခန့် မြန်မာပြည်အောက်ပိုင်း၏ သက်တမ်းအကြီးဆုံးဖြစ်သော စမ်းချောင်းကျွန်းတောကျောင်းတိုက်ကြီးအတွင်းမှ သိမ်၊ ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ ဒုလ္လဘရဟန်းခံဆောင် စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့။
- လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀၀)ကျော် သံလျင်ကျောက်တန်းရှိ ပါဒကြီးမင်းဆက် (၅)ဆက်မြောက် ရာဇာစောနောင်ဘုရင်တည်ထားကိုးကွယ်ခဲ့သည့် နန်းတော်ဦးစေတီကို ပြန်လည်မွမ်းမံပြီး နတ်ရေကန်နှစ်ကျိပ်ရှစ်ဆူဘုရားများကို တည်ဆောက်ကာ အမိမြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားဆုံး ပုဂ္ဂိုလ်တချို့၏ ဂုဏ်ပုဒ်ကို ကမ္ပည်းကျောက်စာထိုးပေးထားပြီး လှူဒါန်းထားသည်။ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၊ ဦးဉာဏိဿရ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသန့်၊ ဦးနု၊ ဦးသုခ၊ ဦးဇော်ဝိတ်၊ ကင်ဆာဆေးရုံ ဦးလှထွန်း၊ ဒေါ်မေရှင်၊ ဒေါ်စောမုံညှင်း၊ ကမ္ဘာလှည့် ဒေါ်တင်တင်စိန်၊ ဒေါက်တာမင်းတင်မွန် စသည့်ပုဂ္ဂိုလ်များ ပါဝင်သည်။

ကံဘဲ ပဥ္စနီကာယ်ကျောင်းမှစ၍ ပုတီး(၁၀)ပါတ်စာ သံဃာအပါး (၁၀၈၀)ကို ဆွမ်းကပ်လှူဒါန်းနိုင်ခဲ့ပြီး စမ်းချောင်း - ကျွန်းတောကျောင်းနှင့် စမ်းချောင်း - ဝါးခယ်မလမ်း သဟာရဆွမ်းလောင်းအသင်း၊ ကမ္ဘာအေးစသည့်နေရာများတွင် မြန်မာပြည်အောက်ပိုင်း၏ စံချိန် - သံဃာပေါင်း (၉၀၀၀)ကျော်ကို ဆွမ်းကပ်နိုင်ခဲ့သဖြင့် နိုင်ငံတော်မှ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ကို ချီးမြှင့်ထားခဲ့သည်။

## မာတိကာ


စာမျက်နှာ

**အခန်း (၁)**
သစ်ပုတ်ပင်ကြီးနှင့် အမိတက္ကသိုလ်မှတ်တမ်း ဓာတ်ပုံတချို့-----(၁)

**အခန်း (၂)**
ဦးတင်မောင်ထွေး၊ ဒေါက်တာမင်းတင်မွန်နှင့် နတ်ရေကန်နာမည်ပေးသည့်လိပ်ခုံးဆေးတက္ကသိုလ်--(၁၁)

**အခန်း (၃)**
ဦးတင်မောင်ထွေးနှင့် သုတစွယ်စုံသမီးကြီး မင်္ဂလာပွဲ/စာပေချီးမြှင့်ပွဲများ-----(၂၇)

**အခန်း (၄)**
နတ်ရေကန်ရွှေစောင်းဆုချီးမြှင့်ပွဲ-----(၄၅)

**အခန်း (၅)**
ဦးတင်မောင်ထွေးနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းကြီး-----(၆၆)

**အခန်း (၆)**
နိုင်ငံရဲ့ ရတနာ ပန်းချီ၊ ပန်းပု-----(၇၉)

**အခန်း (၇)**
ဦးတင်မောင်ထွေးနှင့် ရုပ်ရှင်၊ ဗွီဒီယို၊ အကယ်ဒမီ၊ နတ်ရေကန်အလှမယ်များ၊ မော်ဒယ်လ်များနှင့် မင်းသား၊ မင်းသမီးများ-----(၈၃)

**အခန်း (၈)**
ဦးတင်မောင်ထွေးနှင့် ဂီတကမ္ဘာ-----(၉၁)

**အခန်း (၉)**
တက္ကသိုလ်ဘောလုံးအသင်း၏ဖခင် ဆရာငြိမ်းမွှေးနေ့နှင့် အားကစားမှတ်တမ်း-----(၁၀၃)

**အခန်း (၁၀)**
ဦးတင်မောင်ထွေးနှင့် ပညာရေးတက္ကသိုလ်၊ တက္ကသိုလ်ဆရာကန်တော့ပွဲများ-----(၁၀၇)